# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန မှ (ဝေသာရဇ္ဇဆေးပုလဲကလာပ်)ဆေး အား မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် (NATIONAL LIST) သို့ ထည့်သွင်းနိုင်ရေးအတွက်တင်ပြခြင်း။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် သဘာဝနှင့်တစ်လောကလုံးအတွက် သက်ဆိုင်သည့် အသိပညာနှင့်ထုံးစံများတွင် အကျုံးဝင်သည့်ယူနက်စကိုအခြေပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (ICH) စာရင်းတွင်ပါဝင်နိုင်ရန်အတွက် နှစ်ပေါင်း (၁၅၅) နှစ်ကျော် သက်တမ်းရှိသော ဓါတုဝိဘာဂဒီပနီဆေးကျမ်း (ပေမူ) ပါ ဆေးနည်းတစ်ခုဖြစ်သော (ဝေသာရဇ္ဇဆေး ပုလဲကလာပ်) ဆေးအား မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်သို့ စာရင်းဝင်နိုင်ရန် တင်သွင်းခဲ့ပါသည်။

ဝေသာရဇ္ဇဆေးပုလဲကလာပ်ဆေးသည် သမားအစဉ်အဆက် အသုံးပြုခဲ့သော ဆေးဖြစ်ပြီး (၁၉၇၄) ခုနှစ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၅၇)မျိုးပါ ဌာနသုံး တိုင်းရင်းဆေးနည်းများ စာအုပ်တွင်ထည့်သွင်း၍ နိုင်ငံတော်ပိုင် ဆေးနည်းအဖြစ် တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုဌာနများတွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိသော ဆေးဝါးတစ်မျိုးဖြစ်ပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်၏ ဆေးဝါးဗေဒဘာသာရပ် သင်ရိုးညွှန်တမ်းတွင်လည်း ထည့်သွင်းသင်ကြားလျက်ရှိပါသည်။

ထို့ကြောင့်(ဝေသာရဇ္ဇဆေးပုလဲကလာပ်)ဆေးသည် မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် အဖြစ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေး ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းနှင့်အဖွဲ့က (၅-၂-၂၀၂၀) ရက်နေ့တွင် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်(National List)သို့ ထည့်သွင်းနိုင်ရေးအတွက်တင်ပြခဲ့ပါသည်။

**ဒေါက်တာသံလွင်ထွန်း၊စိုးမိုး၊နေနေနိုင်ရည်၊မိုးမိုးသန်း၊စောပြည့်ပြည့်သူ**

**(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**